# သံသရာခရီး ခန္ဓာစီး၍

## ရှင်အာစာရ

ရှေ့ရုပ်နောက်ရုပ်၊ ရှေ့နာမ်နောက်နာမ်၊ ရှေ့ခန္ဓာ နောက်ခန္ဓာ၊ ရှေ့နောက် ရုပ်နာမ်ခန္ဓာ အသစ် အဟောင်းတို့ တပြောင်းပြန်ပြန် အစဉ်မပြတ် ဖြစ်ပေါ်ချုပ်ပျက် နေခြင်းသည် သံသရာ မည်၏။ ရုပ်နာမ်ခန္ဓာ အစဉ်ကို သံသရာဟု သတ်မှတ်သည်။

ခန္ဓာအစဉ် ခန္ဓာစီးကြောင်းကား မပြတ်စီးဆင်းနေသည်။ ခန္ဓာကိုယ် ရပိုင်ထားသည့် သံသရာလောကသား လူနတ်ဗြဟ္မာ သတ္တဝါများသည် ရထားသောခန္ဓာကြောင့်ပင် သံသရာမှ မလွတ်နိုင် မရုန်းနိုင် ဖြစ်ကြရသည်။ ခန္ဓာကို တဏှာနှင့် စွဲမိ၍ စွဲလမ်းတောင့်တအပ်သော ခန္ဓာအသစ်အသစ် ဘဝအမျိုးမျိုးရရှိကာ သံသရာမှာ နှောင်ဖွဲ့ခံနေကြရသည်။ မိမိဘဝ မိမိခန္ဓာကို သာယာဖွယ်အဖြစ် တပ်မက် စွဲလမ်းသည်။ သူတစ်ပါးဘဝ သူတစ်ပါးခန္ဓာကိုလည်း လိုချင် တောင့်တသည်။ ယစ်မူးတွယ်ကပ်သည်။ အထင်ကြီး အားကျသည်။ ထို့ကြောင့် သတ္တများသည် ရှည်လျား ပင်ပမ်းသော သံသရာခရီးကို အပြင်းလျှောက်လှမ်း နေကြရ၏။

ပရမတ္ထသဘာဝအားဖြင့် သူရောကိုယ်ပါ အပုတ်ကောင်များသာ ဖြစ်ကြသည်။ သို့သော် ဓမ္မအမြင် မရှိသော သတ္တဝါတို့က အပုတ်ကောင်ကို တွယ်တာကြသည်။ အပုတ်သဘာဝ၊ အပုတ်ဓာတ်ကို မနှစ်သက်ကြသော်လည်း အပုတ်သဘောဆောင်သည့် ခန္ဓာကိုယ်ကို မပုတ်အောင် ပြုပြင် စီမံ၍ တွယ်တာ တပ်မက်သမှု ပြုကြသည်။ ခန္ဓာကိုယ်သည် ပြုပြင် စီမံသည့်ကြားမှပင် သူ့သဘာဝ စက်ဆုပ်ဖွယ်ကို အခွင့်သင့်တိုင်း ထုတ်ပြတတ်သည်။ သို့သော် သတ္တဝါတို့က စက်ဆုပ်ဖွယ်ကို ကြိုးစား၍ ရှောင်ကွင်းကြသည်။ သာယာနှစ်သက်ဖွယ်ဖြစ်အောင် ပြုပြင် စီမံကြသည်။ သန့်ရှင်းသုတ်သင်ကြသည်။ တန်ဆာဆင်ကြသည်။ နံ့သာလိမ်းကြံကြသည်။ သူတစ်ပါး၏ အပုတ်ခန္ဓာ စက်ဆုပ်စရာကို အပေါ်ယံကြည့်၍ တွယ်တာကြသည်။ ကိုယ့်ခန္ဓာ ကိုယ့်အပုတ် ကိုလည်း မြင်ပန်းလှအောင် ဖန်တီးမွမ်းမံကြသည်။ တစ်ခြားသူတို့ နှစ်သက် စွဲလမ်းအောင် ပြင်ဆင်ခြယ်သ ကြသည်။ ညို့ယူဖမ်းစားကြသည်။ ခန္ဓာ၏ အပုပ်သဘာဝကို

သို့ဝှက်ကာ ဟန်ကြီးပန်ကြီးလုပ်၍ ဟိတ်ထုတ် နေကြသည်။ ဟန်ဆောင်ဖုံးကွယ်ထားသော အပုပ် ခန္ဓာကို အဟုတ်ထင်ကာ တွယ်တာ ခင်မင်ကြပြန်သည်။

ထိုသို့ ဖြစ်ရသည်ကား ပညာမျက်စိ ဉာဏ်အမြင်မရှိသောကြောင့်တည်း။ သတ္တဝါတို့၏ ဉာဏ်အမြင်ကို အဝိဇ္ဇာအမိုက်တိုက်က အုတ်ဖုံးကာကွယ်ထားသည်။ ထို့ကြောင့် သတ္တဝါတို့ တရားမှန်ကို ဉာဏ်ဖြင့် ထိုးဖောက် မမြင်နိုင်ကြ။ အသုဘကို သုဘထင်သည်။ မတင့်တယ် သည်ကို တင့်တယ်သည် ထင်မှတ်၏။ စက်ဆုပ်ဖွယ်ကို သာယာဖွယ် ထင်၏။ အဝိဇ္ဇာ၏ လှည့်စားမှုကြောင့် သတ္တဝါတို့၏ ထင်မြင်ယူဆမှု မှန်သမျှ အမှန်နှင့် ပြောင်းပြန်ဖြစ်ရသည်။ တရားမှန် မမြင်နိုင်သော ပုထုဇဉ်သတ္တဝါတို့ကို အကန်းဟုခေါ်နိုင်၏။ အဝိဇ္ဇာကြောင့် ကန်းကုန် သော သတ္တဝါတို့သည် ဘဝခန္ဓာကို တဏှာရမ္မက်ဖြင့် တပ်စွဲကြသည်။ တစ်ဖန် တပ်စွဲမှုကြောင့် သံသရာမှာ ဆင်းရဲတွင်း နက်ကြရသည်။ ထိုသဘောကို ရည်ရွယ်၍ အဝိဇ္ဇာနှင့်တဏှာ၊ မသိမိုက်မှားမှုနှင့် တွယ်တာတပ်မက်မှုကို ဝဋ်မြစ်မူလ၊ သံသရာလည်ခြင်း၏ အကြောင်းဟု ဘုရားရှင် ဟောတော်မူသည်။

ဇီဝဖြစ်စဉ် အလျဉ်မပြတ်အောင် ရန်းကန်ထောက်ပင့်ပေးထားရသော ခန္ဓာ၊ အပုပ်သဘာဝ စက်ဆုပ်ဖွယ်သဘော မပေါ်လွင်အောင် မွမ်းမံ ပြုပြင် ပိတ်ဆို့ထားရသော ခန္ဓာ၊ အစိတ်အစိတ် ခွဲလျှင် သာယာဖွယ်မရှိ အစုအပေါင်းအင်အားဖြင့် ဟန်ကျနေသော အရေ အသား အသွေး အကြော အရိုး ကောဋ္ဌာသ အမျိုးမျိုးဖြင့် ဖွဲ့စည်းထားအပ်သော ခန္ဓာ၊ ဤဘဝခန္ဓာကား ပကတိ အားဖြင့် အနှစ်မရှိ၊ အကာအတိသာဖြစ်၏။ ရန်းကန်ထောက်ပင့်မှု၊ ပြုပြင်မွမ်းမံမှု၊ စုစည်း ပေါင်းစပ်မှု မရှိသည်နှင့် အသုံးမကျတော့ပေ၊ သုံးမရတော့ပေ။

သဘောစစ်အားဖြင့် မစင်ကဲ့သို့ စက်ဆုပ်ဖွယ်သာဖြစ်သော အနှစ်မဲ့ခန္ဓာကို အရှိ အမှန်အတိုင်း မကြည့် မမြင်နိုင်သော ပုထုဇဉ်သားတို့သည် ခန္ဓဝိမုတ်ဖြစ်သော နိဗ္ဗာန်ကို မရည်မျှော်နိုင်ကြပေ။ ခန္ဓဒုက္ခ ကင်းဝေးရာသို့ အရောက်မသွားနိုင်ကြပေ။ ဘဝခန္ဓာကိုသာ မြတ်နိုးဖွယ်အဖြစ် နှစ်သက်ခုံမင်နေကြလေသည်။

ဘုရားရှင်၏ ဟောညွှန်လမ်းပြမှု တရားအလင်းမရှိလျှင် သတ္တဝါတို့သည် ခန္ဓာကိုယ်ကို စွဲ၍ သံသရာလည်ကြရ၏။ ခန္ဓာကို တဏှာဖြင့် မစွဲမက်ဘဲ ဘဝလွတ်မြောက်ရေးအတွက် ခန္ဓာကို အရင်းပြု၍ အသုဘဘာဝနာ ပွားများရန် ဘုရားရှင်ညွှန်ကြားတော်မူ၏။ ခန္ဓာကို စက်ဆုပ်ရွံရှာဖွယ် ထင်မြင်အောင် ရှုမှတ်ပွားများ ဆင်ခြင်ရသော အသုဘဘာဝနာ တရားတော်သည် သာသနာထွန်းကားသော ယခုအချိန်၌ ပရိယတ္တိနည်းစနစ် တစ်ခုအဖြစ် တည်ရှိနေပေသည်။ သံသရာအဆက်ဆက် အမြစ်တွယ်လာသော ဝဋ္ဋရင်းတဏှာ ကာမရာဂကို အသုဘဘာဝနာဖြင့် ကာလ အပိုင်းအခြား တစ်ခုအထိ ပယ်ခွာထားနိုင်သည်။ သံသရာစက် မောင်းနှင်အားကို အရှိန် လျှော့ချနိုင်သည်။ အသုဘဘာဝနာသည် ရာဂအားကြီးသူအတွက် အထူးသင့်လျော်၏။

ဝဋ္ဋမြစ်မူလ တဏှာ၏ လက်ချက်ကြောင့် သတ္တဝါတို့ သံသရာရှည်ကြရသည်။ ဘဝကို ဖန်တီးသော ထိုတဏှာသည် အသုဘကို ကြောက်၏။ ထို့ကြောင့် ဘဝမျိုးစေ့ကို အသုဘ ဘာဝနာဖြင့် ဖျက်ဆီးပစ်ရန် ဘုရားရှင် လမ်းညွှန်တော်မူသည်။ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေစသော ခန္ဓာ၏အစိတ် ကောဋ္ဌာသအစုစုကို စက်ဆုပ်ရွံရှာဖွယ်အဖြစ် ရှုမှတ်ဖန်များလျှင် တဏှာသည် ပါး၍ပါး၍ နောက်ဆုံး၌ ကြေပျောက်သွားနိုင်၏။ တပ်မက်မှုတဏှာ ပါးလျသည်နှင့်အမျှ စိတ်နှလုံးချမ်းမြေ့မှုကို ရရှိသည်။ စိတ်နေစိတ်ထား ကြီးမား ရင့်ကျက်လာရသည်။

အသုဘဘာဝနာကို ရှုမှတ်ကာ သံသရာခရီးကို အဆုံးသတ်နိုင်သော အရိယာသူမြတ် များစွာ ရှိခဲ့သည်။ ကကုသန်ဘုရားရှင်၏ သာသနာတော် အတွင်း၌ ပရဗိုဇ်မ တစ်ယောက်သည် မစင်အိမ်၌ ပိုးလောက် များကို ရွံရှာဖွယ်ဟု ရှုမြင်ကာ ပုဠုဝကအသုဘသညာပွား၍ ပထမဈာန် ရခဲ့သည်။

ဂေါတမဘုရားရှင်၏ သာသနာအစပိုင်း၌ ကပြဖျော်ဖြေကြပြီး အိပ်မောကျနေသော ကချေသည် များကို သူသေကောင် အသွင်ရှုမှတ်၍၊ မိမိနေအိမ်ကို သုသာန်တစပြင်ကဲ့သို့ နှလုံး သွင်း၍ ထိတ်လန့်သံဝေဂဖြင့် ရဟန်းပြုလာသော ယသသူဌေးသားသည် ဘဝတစ်ခု၌ ကိုယ်ဝန်ဆောင် အမျိုးသမီး၏ ရုပ်ကြွင်းကို မီးသင်္ဂြိုဟ်ရင်း သူသေကောင်၏ ရွံရှာဖွယ်ကို နှလုံးသွင်း ဆင်ခြင်ခဲ့ဖူးသည်။ ထိုပါရမီကြောင့် ဤသာသနာ တော်၌ အကျွတ်တရားရခဲ့၏။

ခြောက်ကြိမ်တိုင်တိုင် လူထွက်သော စိတ္တဟဋ္ဌမထေရ်သည် ခုနစ်ကြိမ်မြောက် နောက်ဆုံး ရဟန်းပြုရာ၌ အိပ်ပျော်နေသော ကိုယ်ဝန်ဆောင် ဇနီးသည်ကို သူသေကောင်ပုတ်အသွင် ရှုမြင်ခဲ့သည်။ ဥဒ္ဓုမာတက အသုဘသညာ ပွားခဲ့သည်။ အသုဘဘာဝနာပွားများရင်း ရဟန်းပြုရန် ဇေတဝန် ကျောင်းတော်သို့အသွား လမ်းခုလပ်၌ သောတာပန် တည်ခဲ့သည်။

စေတိယတောင်၌ သီတင်းသုံးသော အရှင်မဟာတိဿသည် ပြုံးရယ်ပြသော အမျိုးသမီး၏ သွားများကို အရိုးစုအဖြစ် အဋ္ဌိကသညာတင်၍ ရဟန္တာဖြစ်သွားသည်။ ဖော်ပြပါ မင်္ဂလာသုတ်ဖွင့် ကျမ်း၌ ဖော်ပြ၏။

အခင်းကြီး အခင်းငယ်သွားရင်း၊ ချွဲသလိပ် နှပ်တံတွေး စွန့်ရင်း အသုဘဘာဝနာ ပွားလျှင် အကျိုး များနိုင်သောကြောင့် မြောက်နန်းကျောင်း ဆရာတော်က မှူးမတ်စည်းစိမ်ကို ရေအိမ်တစ်ခါတက် မျှလောက်ပင် အဖိုးမတန်ဟု မိန့်တော်မူခဲ့သည်။

ထိုထို ပါရမီရှင်တို့ကဲ့သို့ အသုဘသညာ မရင့်သန်သေး၍ မဂ်ပေါက်ဖိုလ်ဝင် မကျင့်နိုင်သေးလျှင် မဂ်ဖိုလ်မျိုးစေ့ရအောင် အခွင့်ရှာ၍ အသုဘသညာ ပွားများသင့်သည်။ ကျွတ်လွတ်ငြိမ်းချမ်း ကြပြီးသော အရိယာသူမြတ်တိုင်း ပါရမီအဆင့်ဆင့်ဖြည့်ဆည်းကာ မဂ်ဖိုလ်မျိုးစေ့ စုဆောင်းခဲ့ကြရသည်။ မဂ်ဖိုလ်မျိုးစေ့ ပါရမီကုသိုလ်ကား တစ်ဆင့်ချင်းရင့်ကျက်ရသော သဘောရှိ၏။ ပါရမီဓာတ်ခံ ရှိသူသည် အကုသိုလ်ကြောင့် ဆင်းရဲတွင်းနက်၍ အပါယ် ကျနေရပါစေ သာသနာထွန်းကားခိုက်မှာ အပါယ်မှ ကျွတ်လွတ်၍ မဂ်ဖိုလ်ရနိုင်၏။

ခန္ဓာကို အသုဘအဖြစ် ရှုမြင်နိုင်သော ဉာဏ်ပညာကို သုံးဆင့်ခွဲခြားနိုင်သည်။ ပရိယတ္တိအသွင်၊ လမ်းညွှန်ချက်အဖြစ် ဘုရားရှင်ထားတော်မူခဲ့သော အသုဘဘာဝနာနည်းစနစ်ကို လေ့လာမှတ်သား ကြားနာ၍ ရလာသောအသိသည် သုတမယဉာဏ်မည်၏။ ထိုဗဟုသုတကို အခြေခံ၍ ပင်ကိုယ်အခံ ဗီဇဉာဏ်ရည်ဖြင့် ဆင်ခြင်သုံးသပ်၍ ရလာသော အသိသည် စိန္တာမယဉာဏ်မည်၏။ ထိုဉာဏ်နှစ်မျိုးထက်လွန်၍ ခန္ဓာကို အသုဘအဖြစ် အထပ်ထပ် ရှုမြင်ကာ ခန္ဓာ၏ သဘောယုတ်ကို အဟုတ်အမှန်အတိုင်း သိမြင်နိုင်သော ဉာဏ်သည် ဘာဝနာမယ ဉာဏ်မည်၏။

ဤသို့သော ဉာဏ်ကိစ္စ ဉာဏ်အလုပ်ကို စိတ်ရောကိုယ်ပါ နှပျိုတက်ကြွ အားရှိနေခိုက် သန်တုန်း မြန်တုန်း အချိန်၌ ဆောင်ရွက်သင့်သည်။ ခန္ဓာအားပျော့ ဉာဏ်အားလျော့ချိန် အိုမင်းမစွမ်းဖြစ်မှ ဉာဏ်ကိစ္စ ဘာဝနာအလုပ်ကို အားထုပ်လျှင် အကျိုးဖြစ်သင့်သလောက် ဖြစ်မလာနိုင်တော့ပေ။ ထို့ကြောင့် သတိ ကြပ်ကြပ်စိုက်၍ ပျိုမြစ်ချိန်မှ စတင်ကာ တစ်စတစ်စ အသုဘာသညာ စုဆောင်းသင့်သည်။

ဓမ္မသဘာဝ သက်သက်ဖြစ်သော ခန္ဓာကိုယ်သည် သာယာတပ်မက် စွဲလမ်းထာလျှင် သံသရာ လည်ကြောင်း ဖြစ်သကဲ့သို့ သဘောမှန်ကို ဉာဏ်စိုက် ကြည့်နိုင်လျှင် သံသရာဝဲမှ ထွက်မြောက်ကြောင်း ဖောင်ကူးတို့သဖွယ်ဖြစ်၏။ ဆိုးရွားပြင်းထန်လှသော သံသရာခရီး၌ ခန္ဓာစီး၍ နစ်မွန်း မျောပါမနေကြဘဲ ခန္ဓာစီး၍ ကူးမြောက်သင့်ကြပေသည်။

ရှင်အာစာရ

## ဖိတ်ခေါ်ချက်

ဗုဒ္ဓဓမ္မကို စိတ်ဝင်စားသူတိုင်း စိတ်ဝင်စားသော ဓမ္မအချက်အလက်ကို

စာတိုက်မှဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ

(အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ)

အောက်ပါ လိပ်စာသို့ ပေးပို့ပြီး

ဆွေးနွေးခြင်း၊ မေးမြန်းခြင်းများ ပြုလုပ်ကြပါရန်

လေးစားစွာ ဖိတ်ခေါ်ပါသည်


အရှင်အာစာရ
အခန်း ၂၀၁၊ အမျိုးသားဆောင် – အေ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊
မရမ်းကုန်း၊ ရန်ကုန်
acr@sailormoon.com